ပျော်ကုန်းကျေးရွာ

ညောင်မြင့်ကျေးရွာအုပ်စု

မိတ္ထီလာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် (၂၀၂၅-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ပျော်ကုန်းကျေးရွာ၊ မိတ္ထီလာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ

# စကားချီး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်မှ (၂၀၂၉)ခုနှစ်အထိ (၅)နှစ် အကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုအများ စုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ် မြောက် ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက် အလက်များနှင့် အကြံညဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင် ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စိစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီ ပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသည့် အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစာပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ် တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြ ဇယားစသည့်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇူလိုင်လ ၂၀၂၅

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ပျော်ကုန်းကျေးရွာ
မိတ္ထီလာမြို့

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီ | |
| | မိတ္ထီလာမြို့နယ်၊ ညောင်မြင့်အုပ်စု၊ ပျော်ကုန်းကျေးရွာ၏ သယံဇာတပြမြေပုံ | |
| | မိတ္ထီလာမြို့နယ်၊ ညောင်မြင့်အုပ်စု၊ ပျော်ကုန်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် | |
| | မိတ္ထီလာမြို့နယ်၊ ညောင်မြင့်အုပ်စု၊ ပျော်ကုန်းကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပြ | |
| | မိတ္ထီလာမြို့နယ်၊ ညောင်မြင့်အုပ်စု၊ ပျော်ကုန်းကျေးရွာ၏ ကျေးရွာလက်ရှိဖွံ့ဖြိုးမှုအခြေအနေများ | |
| ၁။ | တည်နေရာနှင့်ပထဝီဝင် အနေအထား | |
| ၂။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | |
| ၃။ | ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | ( ခ ) မွေးမြူရေးလုပ်ငန်း | |
| | ( ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | ( ခ ) ကျေးရွာမီးလင်းရေး | |
| | ( ဂ ) သတင်းနှင့်ဆက်သွယ်ရေး | |
| ၇။ | ပညာရေး | |
| ၈။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| ၉။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၁၀။ | ကျား – မ ရေးရာကိစ္စရပ်ဆိုင်ရာ | |
| ၁၁။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | |
| | • နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | • နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ | |
| | • နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | • နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်များ | |
| | • နောက်ဆက်တွဲ (၅) အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ သတ်မှတ်ခြင်း | |
| | • နောက်ဆက်တွဲ (၆) စီမံကိန်း အဆိုပြုလွှာများ။ | |
| ၁၂။ | ရည်ညွှန်းကိုးကားချက် | |



မိတ္ထီလာမြို့နယ်၊ ညောင်မြင့် အုပ်စု၊ ပျော်ကုန်း ကျေးရွာ၏ သယံဇာတပြမြေပုံ

မိတ္ထီလာမြို့နယ်၊ ညောင်မြင့် အုပ်စု၊  ပျော်ကုန်း ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



မိတ္ထီလာမြို့နယ်၊  ညောင်မြင့် အုပ်စု၊ ပျော်ကုန်း ကျေးရွာ၏ ကျေးရွာတွင်း၊ ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပုံ



တည်နေရာနှင့် ပထဝီဝင် အနေအထား

၁။ တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ပျော်ကုန်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၏ အရှေ့တောင်ဘက်(၇)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ရွာ၏အကျယ်အဝန်းမှာ (၃၀၀)ကေခန့်ရှိပြီး ရွာ၏အရှေ့ဘက်တွင် လယ်မြေများ၊ ကြာကန်ကျေးရွာနှင့်အုတ်ဖိုကျေးရွာ တို့ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် ဒဟတ္တန်းကျေးရွာ နှင့်ယာမြေများ တည်ရှိပါသည်။ ရွာ၏တောင်ဘက်တွင် ယာမြေနှင့်လယ်မြေများ တည်ရှိပါသည်။ ရွာ၏မြောက် ဘက်တွင် ရေလွှဲဆည်နှင့် ယာမြေ၊လယ်မြေ၊ကုက္ကိုပင်များရှိပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

မိုးတွင်းကာလတွင် စိမ်းစိုနေ၍ ဆောင်းရာသီနှင့်နွေရာသီတွင် ခြောက်သွေ့လျက်ရှိပါသည်။ ကျေးရွာသည် တောင်သူလုပ်ငန်းကိုအခြေခံသောကျေးရွာဖြစ်ပြီး ဆန်စပါးစိုက်ပျိုးသော လုပ်ငန်းဖြစ်ပါသဖြင့် မိုးတွင်း ကာလတွင် စိမ်းစိုနေ၍ ဆောင်းရာသီနှင့်နွေရာသီတွင် ခြောက်သွေ့လျက်ရှိပါသည်။ ကျေးရွာပတ်ဝန်း ကျင်တွင်လယ်မြေ(၁၅၇၄)ကေ၊ ယာမြေ(၂၀၂၆)ကေ ရှိပြီး လယ်မြေ၊ယာ မြေများသည်

မိုးကောင်းရေသောက်

စပါးသီးနှံစိုက်ပျိုးပါသည်။ ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၃°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံး အပူချိန်မှာ ၃၈°C ရှိတက်ပါသည်။ ရာသီဥတုမှန်ကန်မှု မရှိသောကြောင့် မိုးခေါင်ခြင်း ဒဏ်ကို မကြာခဏခံကြရပါသည်။ မိုးခေါင်သည့် နှစ်များတွင် မြေသောက်ရေကို အသုံးပြု၍ စိုက်ပျိုးနိုင်ခြင်း မရှိပါ။ သဘာဝပေါက်ပင်များမှာ မန်ကျည်း၊ တမာ၊ ကုက္ကိုပင်၊ ဇီးပင်၊ ထနောင်းပင်နှင့် ကန္တာရပင်တို့ ပေါက်ရောက်ပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာဖြစ်ပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်ပါသဖြင့် စီးပွားရေးအနေအထားအရ အဓိကစိုက်ပျိုးသောသီးနှံများမှာ ငရုတ်၊ နှမ်း၊ ကြက်သွန်၊ စပါး၊ ဝါ နှင့် ပဲစဉ်းငုံ တို့ကို အဓိကထား စိုက်ပျိုးကြပြီး မွေးမြူရေးအနေဖြင့် အများစုမှာ နွား၊ နို့စားနွား၊ ဝက်၊ ကြက်ကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ လယ်ယာမြေပေါများသော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးကို အဓိကထား စိုက်ပျိုးကြပြီး လယ်ယာစိုက်ပျိုးခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူခြင်းကို လုပ်ကိုင်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများမှာ လယ်ယာအငှားလိုက်လုပ်ကိုင်ခြင်း ပန်းရံ၊လက်သမား၊ အရောင်းအဝယ်နှင့် အခြားကျပမ်းလုပ်ငန်းများတွင် လုပ်ကိုင်ကြရပါသည်။ အိမ်ထောင်စု၏ (၇၀)% မှာ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်ကြပြီး ပန်းရံ၊လက်သမား၊ အရောင်းအဝယ်နှင့် အခြားကျပမ်းလုပ်ငန်းများတွင် မွေးမြူရေးလုပ်ကိုင်သူ (၃၀)% များမှာ လည်း တောင်သူများနှင့်ဆက်စပ်နေသောကြောင့် တောင်သူများ အကျိုးအမြတ်ရ၍အဆင်ပြေလျှင် အလုပ်အကိုင်များရရှိကာ ဝင်ငွေကောင်းပြီး တောင်သူများသီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရတတ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာ၏ ဥစ္စာနေအဆင့်ကို အဆင့်(၄)ဆင့်ခွဲခြားထားပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်ရာတွင် အဆင်ပြေသောအိမ်ထောင်စု (၂) ၊ အလယ်အလတ်ရှိသောအိမ်ထောင်စု (၇၉) ၊ မပြေလည်သော အိမ်ထောင်စု (၁၈၇)၊ အလွန်မပြေလည်သော အိမ်ထောင်စု(၂၁)ရှိပြီး စုစုပေါင်း အိမ်ထောင်စု (၂၈၉) စု ရှိပါသည်။ ကျေးရွာတွင် လယ်မြေ(၁၅၇၄)ကေနှင့် ယာမြေ(၂၀၂၆)ကေရှိပြီး လယ်မြေယာမြေအသင့်အတင့်ရှိပြီး စုစုပေါင်း (၃၆၀၀)ကေ ရှိသောကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအနေဖြင့် ယခု(၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာနေပြည်သူများ၏ ဘဝနေထိုင်မှု အဆင့်မြင့်မားရေးအတွက် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းနှင့် ဆိုလာ

ရေသန့်စင်စနစ်တပ်ဆင်ခြင်းရရှိရေးဖြင့်လည်း ကျေးရွာ၏ လိုအပ်ချက်ကို သက်ဆိုင်ရာဌာနနှင့် စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာလိုအပ်ချက်များကိုလည်း အကောင်အထည် ဖော်ဆောင်ရွက်ရန် နှစ်အလိုက်စီမံကိန်း ရေးဆွဲထားရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၃၉) စု၊ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ (၁၂၈)စု၊ ၂.၅ဧက မှ ၅ ဧက ကြားတောင်သူငယ် (၈၃) အိမ်ထောင်စု ၊ ၅ဧက မှ ၁၂.၅ ဧကကြား တောင်သူလတ်(၃၃) အိမ် ထောင်စု၊၁.၂၅ဧကထက်တောင်သူကြီး(၆)အိမ်ထောင်စု အဓိကအားဖြင့် ဧရာတ်၊ နှမ်း၊ ကြက်သွန်၊ စပါး၊ ဝါ နှင့် ပဲစဉ်းငုံတို့ကိုစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် များသောအားဖြင့် အများစုသည် စိုက်ပျိုးရေး လုပ်ငန်းတွင် နေ့စားလုပ်ကိုင်ကြပါသည်။ မိုးကောင်းရေသောက် သီးနှံများဖြစ်သည့်အတွက် မိုးရာသီတွင်သာ စိုက်ပျိုးရေရရှိပြီး နွေရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ စိုက်ပျိုးရေးအခြေအနေ အထွက်နှုန်းတစ်ဧက လျှင်ပျမ်းမျှ (၃၀)တင်းခန့်ထွက် ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် စက်ကိရိယာပိုင်ဆိုင်သော အိမ်ထောင်စုများမှာ အနည်းငယ်သာရှိပြီး စက်ကိရိယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုများမှာ ငှားရမ်း၍ လုပ်ကိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အဓိကစီးပွားဖြစ် နွား၊ကြက်နှင့် ဆိတ်တို့ကိုမွေးမြူကြသည်။ မျိုးကောင်း မျိုးသန့်များကိုလည်းဝယ်ယူရရှိရန်ကျေးရွာမှ လက်လှမ်းမီကြောင်း တွေ့ရပါသည်။ ဆိတ်မွေးမြူသည့် အိမ်ထောင်စုသည် တစ်ရွာလုံး၏ (၁၀%)ခန့်ရှိပြီးဈေးကွက်ဝယ်လိုအားရှိကြောင်းတွေ့ရသည်။ နွားမွေးမြူ သည့် အိမ်ထောင်စုသည် တစ်ရွာလုံး၏ (၈၀%)ခန့်၊ ဒေသအိမ်မွေးကြက်မွေးသည့် အိမ်ထောင်စုသည် တစ်ရွာလုံး၏ (၃၅%)ခန့်ရှိပြီး ဈေးကွက်တွင်ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ခွာနာ လျှာနာရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရရှိနိုင်သော်လည်း ချိတ်ဆက် ဆောင်ရွက်မှုအနည်းငယ်အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း တည်ထောင်/ တိုးချဲ့ဆောင်ရွက်ရန်အတွက် ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြချေ။ ကျေးရွာတွင် မွေးမြူရန် ရေ၊ မြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စား အလုပ်များ၊ ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး လုပ် ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်း အပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီ များတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေ ကိုက်မှုနည်းပါး သည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီးနိုင်ငံရပ်ခြားသို့သွားရောက် အလုပ်လုပ်ကိုင်မှုနည်း ပါးပြီးလူငယ်လူရွယ်များအနေဖြင့် စိုက်ပျိုးရေးကို အဓိကဆောင်ရွက်နေကြပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်း သင်တန်း အချို့ကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။ စက်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော် ဆိုင်ကယ်ပြင်၊ မိုဘိုင်းလ်ဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည်တို့သည် အသက်မွေးဝမ်းကျောင်းအထောက် အကူပြုသင်တန်းများဖြစ်ကြသော်လည်း ကျေးရွာသူ/သားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်အားနည်းကြပြီး သင်တန်း စရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း

မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ စေလွှတ်သင် ကြားကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြို့နယ်ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းမှ အတိုးနှုန်းပြား (၅ဝ) တိုးဖြင့်လည်းကောင်း ချေးယူနိုင်ပြီး၊ ကျေးရွာတွင် အသိမိတ်ဆွေ၊ မိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း (၁ဝ%)ခန့်ဖြင့် လည်းကောင်းချေး ယူနိုင်ကြသေးသည်။ ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီးကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြား ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း ၊ ငွေကြေးဆိုင်ရာအဖွဲ့ တို့ရှိပါသည်။ ယင်းအဖွဲ့အစည်းတိုင်းသည် ရပ်ရေးရွာရေးကိစ္စရပ်များတွင် လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ လူမှုကူညီရေးအသင်းမှာ သာရေး/နာရေးကိစ္စများအပါအဝင် လူမှုရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီးလှုပ်ရှားဆောင်ရွက်မှုအား ကောင်းသည်။ ငွေကြေးအဖွဲ့ကိုပြင်ပမှ ဖွဲ့စည်းပေးထားပြီးအသေးစားငွေစုငွေချေးလုပ်ငန်းကိုလည်းပတ် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက် ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီးအဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံ အုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ မော်တော်ယာဉ်စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ ကျေးရွာတွင် ရေလမ်းသယ်ယူပို့ဆောင်ရေးမရှိပါ။

ကျေးရွာအတွင်း ရွာတွင်းလမ်းတွင် မြေသားလမ်းများ ဖြစ်ကြပါသည်။ သွားလာရေးအခြေအနေမှာ မိုးတွင်းကာလတွင် မြေသားလမ်းဖြစ်သောကြောင့် အခက်အခဲရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

မီးလင်းရေးနှင့်ပက်သက်၍ အိမ်ထောင်စုအများစုမှာ မဟာဓါတ်အားလိုင်းရရှိပြီး အိမ်ထောင်စုအနည်းငယ်မှာငွေကြေးအခက်အခဲရှိနေသောကြောင့် တစ်အိမ်သုံးတစ်နိုင်တစ်ပိုင်ဆိုလာစနစ်သာ အသုံးပြုနေကြောင်း တွေ့ရှိရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊တီဗီ၊ ဂြိုလ်တုစလောင်းမှ တစ်ဆင့် ရရှိပြီး ကျေးရွာသည် ဆက်သွယ်ရေးတာဝါတိုင်နှင့် ကွာဝေးသောကြောင့် အင်တာနက်လိုင်း မကောင်းသည့် အခက်အခဲရှိပါသည်။

၇။ ပညာရေး

ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး အလယ်တန်းနှင့် အထက်တန်းအား မိတ္ထီလာမြို့နယ်သို့ တက်ရောက်သင်ကြားကြပါသည်။ ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရ ပါသည်။ ကျေးရွာသူ/ သားအများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကိုတတ်မြောက်ကြပြီး ဘွဲ့ရအရေ အတွက် အသင့်အတင့်များပြားသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိကလေးများ၏ ပညာရေးကို အလွယ်တကူသင်ကြားခွင့်ရရှိပါသည်။ အခြေခံပညာအလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့်များကို မိတ္ထီလာမြို့သို့တက်ရောက်သင်ကြားနိုင်ကြသည်။ လက်ရှိပျော်ကုန်းကျေးရွာတွင် (အ-မ-က-၁၁၂)သည် မူလတန်းအဆင့်သာရှိပြီး ကျောင်းသား/သူ(၁ဝ၇)ယောက်ရှိ၍ မူလတန်းအထက်တန်း အဆင့် ဖွင့်ရန် လိုအပ်နေပါသေးသည်။ သို့သော် သက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ ဖွံ့ဖြိုးရန် လိုအပ်ဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၈။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိသော်လည်း ရွာပေါင်း(၆)ရွာမှ မှီခိုနေရသည့်အတွက် အဆောက်အဦးတိုးချဲ့ကာ သူနာပြုဝန်ထမ်းများ လိုအပ်နေပါသည်။ ကျေးလက်ဆေးပေးခန်းတွင် သူနာပြု(၁)ဦးရှိသဖြင့် ရွာသူရွာသားများ အတွက် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမီသည်။ လျှပ်စစ်မီးရရှိသောကျေးရွာဖြစ်သည့်အလျောက် အအေးခန်းဖြင့်သိုလှောင်ရန် လိုအပ်သောဆေးများအတွက် ရေခဲသေတ္တာသုံးပြီးသိုလှောင် ထားနိုင်သည်။ယခုအခါတွင် မီးပုံမှန်မလာသောကြောင့် ဆိုလာဖြင့် လျှပ်စစ်မီးရရှိရန် လိုအပ်နေပါသည်။ ကျေးရွာသူ/သားများနှင့် ပတ်သက်၍ ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်းမှာလွန်စွာနည်းပါးပြီး တုပ်ကွေးရောဂါ၊ သွေးတိုး၊ ဆီးချိုရောဂါတို့သာ အနည်းငယ် ဖြစ်ပွားကြသဖြင့် အများ အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ တခါတရံ ကလေးသူငယ်များ မသန့်ရှင်းသော အစားအစာများကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်း ရာသီပေါ်တုပ်ကွေး၊ ဖျားနာခြင်းများ ဖြစ်တတ်ပါ သည်။ သောက်သုံးရေအတွက် ကျေးရွာတွင် တစ်ရွာလုံးအဝီစိတွင်းများမှ ရေကိုသာသောက်သုံးရေဖြင့် အသုံး ပြုလျက်ရှိပါသည်။ ကျေးရွာ၏ အိမ်ထောင်စုအများစုမှာ ရေလုံအိမ်သာသုံးစွဲကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာပတ်ဝန်းကျင်ရှိ စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းတို့ကြောင့် ပိုးသတ်ဆေးနှင့် ဓာတု မြေဩဇာသုံးစွဲမှုရှိသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိမ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးဟောပြောပွဲများ ဟောပြောပေးခြင်းဖြင့် မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ကျေးရွာ၏ပတ်ဝန်းကျင်တွင် တခါတရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်းတို့ကြောင့် စိုက်ခင်းများပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ကြပါသည်။ အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့်ကြုံတွေ့ရပြီး စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးနိုင်ခြင်း အစရှိသော ဘေးအန္တရာယ်များနှင့်လည်း ကြုံတွေ့နေရပါသည်။

၁၀။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား–မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား–မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြပါ သည်။ ကျေးရွာသည်ကျား–မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံမှုကိစ္စရပ်များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား/သမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများ အရ ပညာသင်ယူ နိုင်ရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပင်ဖြစ်သည်။ ပျော်ကုန်း ကျေးရွာတွင် ကျား–မမရွေး လူကြီး၊ လူငယ်မရွေး နှစ်စဉ်နှစ်တိုင်း ဆွမ်းလောင်းလှူခြင်းကို ဂေါပကအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပုသ်နေ့တိုင်းတွင် ကျေးရွာအတွင်းရှိ ဓမ္မစကြာဝတ်အသင်း များနှင့် ပဋ္ဌာန်းပူဇော်ခြင်းများ ဆောင်ရွက်ခြင်း၊ သာရေးနာရေး ကိစ္စများတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက် ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေး လုပ်ငန်းများတွင် ကျေးရွာသူ/သားများမှ အဖွဲ့စည်းပေါင်းစုံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆယ့်နှစ်လရာသီပွဲတော်များတွင်လည်း ဦးဆောင်ပါဝင် ဆောင်ရွက်ကြပါသည်။

နောက်ဆက်တွဲ (၁)

## ညောင်မြင့်ကျေးရွာအုပ်စု၊ ပျော်ကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး | ပညာအရည်အချင်း | မှတ်ပုံတင်နံပါတ် | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | ဦးအောင်လင်း | ဥက္ကဋ္ဌ | ၅တန်း | ၉/မထလ(နိုင်)၃၄၇၅၂၆ | ၀၉-၆၉၉၉၆၆၆၉၇ |
| ၂ | ဦးကျော်ရဲအောင် | အဖွဲ့ဝင် | ၅တန်း | ၉/မထလ(နိုင်)၃၀၄၀၆၅ | ၀၉-၆၉၂၀၈၀၈၆၀ |
| ၃ | မယမင်းစိုး | အဖွဲ့ဝင် | B.A(Geo;) | ၉/မထလ(နိုင်)၂၆၆၀၃၀ | ၀၉-၆၈၆၁၈၁၃၂၈ |
| ၄ | ဦးသန့်ဇင်ဦး | ဝယ်ယူရေးဥက္ကဋ္ဌ | ၁၀တန်း | ၉/မထလ(နိုင်)၂၇၈၅၈၅ | ၀၉-၆၉၁၂၆၀၉၂၇ |
| ၅ | မရွှေယမင်းဦး | စာရင်းကိုင်-၂ | ၈တန်း | ၉/မထလ(နိုင်)၃၆၃၄၂၉ | ၀၉-၆၈၁၁၀၈၀၃၈ |
| ၆ | ဦးမြင့်ကြိုင် | အတွင်းရေးမှူး | ၅တန်း | ၉/မထလ(နိုင်)၁၉၀၈၇၂ | ၀၉-၄၀၂၅၄၀၆၀၆ |
| ၇ | ဦးသန်းထိုက်ဝင်း | ဘဏ္ဍာရေးမှူး | ၄တန်း | ၉/မထလ(နိုင်)၂၂၃၄၁၇ | ၀၉-၄၀၃၀၅၃၈၃၇ |
| ၈ | မနန်းမွန် | စာရင်းကိုင်-၁ | ၈တန်း | ၉/မထလ(နိုင်)၂၇၈၅၆၇ | ၀၉-၆၉၇၉၆၉၅၈၄ |
| ၉ | မအေးအေး | အဖွဲ့ဝင် | ၄တန်း | ၉/မထလ(နိုင်)၂၁၂၄၂၅ | ၀၉-၆၇၄၄၁၆၃၀၄ |
| ၁၀ | ဦးမြင့်သန်း | အဖွဲ့ဝင် | ၈တန်း | ၉/မထလ(နိုင်)၁၂၄၃၇၉ | |
| ၁၁ | ဦးဝင်းမြိုင် | အဖွဲ့ဝင် | ၄တန်း | ၉/မထလ(နိုင်)၃၁၄၈၇၄ | ၀၉-၆၉၀၅၄၂၉၄၄ |

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ပျော်ကုန်းကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၁၀ | ၁၂ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၈ | ၃၀ | ၅၈ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၆၄ | ၄၃ | ၁၀၇ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၄၇ | ၅၀ | ၉၇ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၀၄ | ၄၈၈ | ၉၉၂ | ၁ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၅ | ၅၀ | ၈၅ | | |
| စုစုပေါင်း | | ၆၈၀ | ၆၇၁ | ၁၃၅၁ | ၁ | |
| စုစုပေါင်း အိမ်ထောင်စု | | ၂၈၉ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက်(၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅)နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီ အရွယ်၊၁၀နှစ်မှ၁၄နှစ် ဆိုသည်မှာအသက်(၁၀) နှစ်ပြည့်သည်မှအသက်(၁၅)နှစ်မပြည့်မီအရွယ် ၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည် မှအသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည် မှာအသက်(၆၅)နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီး သည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ပျော်ကုန်းကျေးရွာတွင် (၁)နှစ်အောက်နို့စို့အရွယ် (၁၂)ယောက်၊ (၁)နှစ်မှ(၄)နှစ်အရွယ်(၅၈)ယောက်၊ (၅)နှစ်မှ(၉)နှစ်အရွယ်မူလတန်းကျောင်းသားမှာ(၁၀၇) ယောက်၊ (၁၀)နှစ်မှ (၁၄)နှစ်အရွယ်(၉၇)ယောက်၊ (၁၅) နှစ်မှ(၆၄)နှစ်အရွယ်(၉၉၂)ယောက်၊ (၆၅)နှစ်အထက်မှာ (၈၅)ယောက်တို့ကောက်ယူရရှိပြီး မသန်စွမ်းသူမှာ(၁)ယောက် ကောက်ယူရရှိပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမ ဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၉၀ | ၅၂၇ | ၁၅ | ၂၅၉ | ၂၆၈ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၅ | ၈၃ | ၂ | ၃၇ | ၄၆ | | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၀ | ၁၀၃ | ၅ | ၄၅ | ၅၈ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၅ | ၄၄ | ၅ | ၁၉ | ၂၅ | | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမ ဟုတ်သောအခြားဝင် ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၂ | | ၇ | ၅ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမ ဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမ ဟုတ် သောအခြားဝင် ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင် သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ် ထောင် စု | မိသား စု ဝင် လုပ် အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၄ | ၄၃ | ၅ | ၂၃ | ၂၀ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၈၉ | ၈၁၂ | ၃၂ | ၃၉၀ | ၄၂၂ | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက်အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ – **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင် လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ် ကိုင်ရန်အခွင့် အလမ်းများနေသည် ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အများစုမှာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်ပြီး မွေးမြူရေးလုပ်ကိုင်သူများ၊ ဆောက်လုပ်ရေးလုပ်ကိုင်သူများလည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းအမျိုးအစားမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးမြေမရှိသော အိမ်ထောင်စုများသည် ရာသီပေါ်လုပ်ငန်းများတွင်အငှားလိုက်ခြင်း များရှိကြောင့်တွေ့ရှိရပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**
**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**
**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လုပ်ငန်းများ၏ ဝင်ငွေခြားနားရခြင်းမှာလုပ်ငန်း ကျွမ်းကျင်မှုပေါ်မူတည်ပြီး ကျား၊မဝင်ငွေကွာခြားရခြင်းမှာလည်း အားစိုက်ထုတ်မှုအပေါ်မူတည်ပါသည်။ အလုပ်အကိုင်အမျိုးအစားအားလုံးတွင်အမျိုးသားများသည်အမျိုးသမီးများထက်ပိုမို၍လုပ်အားခနှုန်းထားပိုမိုရရှိကြပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၁၅၇၄ | ကောင်း ☐ | သင့် ✓ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၀၂၆ | ကောင်း ☐ | သင့် ✓ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ကိုင်း/ ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ခနိုတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၃၆၀၀ | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူ လုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထား သတ်မှတ်သည့်မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကမှီခိုနေရသည့်ကျေးရွာဖြစ်ပြီး စိုက်ပျိုးမြေအတွက် မြေဆီလွှာအရည်အသွေးကောင်းမွန်ပြီး သင့်လျော်သော မြေဆီမြေဩဇာ ရှိပါသည်။ စိုက်ပျိုးရေးအထွက်တိုးစေရန်အတွက်မြေဩဇာ (ကွန်ပေါင်းပုလဲ) အနည်းငယ်ထည့်ပြီး အသုံး ပြုပါကထွက်နှုန်းကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| **ကျောက်၊သဲ၊ကျောက်စရစ် စသည်များ** | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| သဘာဝအပင်မျိုးစိတ်များ(နွယ်စား၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| **သစ်တော -** | များ ☐ သင့်☐ နည်း | လွယ် ☐ ခက်☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| အပူပိုင်းသစ်တော | ☐ မရှိ ✓ | အသုံးမပြုနိုင်ပါ ✓ | အပြောင်းအလဲမရှိ ✓ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့်တွင်းထွက်သံယံဇာတများထုတ်ယူ သုံးစွဲရန်နေရာမရှိပါ။ မြေအောက်ရေကိုသာ အဓိကထုတ်ယူသုံးစွဲကြပြီး မြေအောက်ရေမှာ အလွယ်တကူထုတ်ယူရရှိနိုင်ကြောင်း တွေ့ရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂ | ၇၉ | ၁၈၇ | ၂၁ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု(၂၈၉)စုရှိပြီး ဥစ္စာဓနအဆင့်တွင် ကြီးကြီးမားမားကွာဟမှု ရှိကြောင်းတွေ့ရှိရပြီး မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများပြားကြောင်း တွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င–၁) ဝမ်းစာဖူလုံမှု**

**ဇယား(၇)ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၂၀ | ၁၅ | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = √<br>လုပ်အားခကြိုယူ = √ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ____<br>လုပ်အားခကြိုယူ = ____ |

**ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့်အများစုမှာ ဝမ်းစာဖူလုံကြပြီးအလွန်မပြေလည်သောအိမ်ထောင်စုများသည်လည်း အထိုက်အလျောက် ဝမ်းစာဖူလုံမှုကြကြောင်း တွေ့ရပါသည်။ ဝမ်းစာမဖူလုံသည့်ကာလများအတွင်း လုပ်အားခကြိုယူခြင်း၊ ဆွေမျိုးမိတ်ဆွေများထံချေးငှား ခြင်းတို့ဖြင့် ဖြေရှင်းကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၆ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် (၆၄)နှစ်နှင့်အထက်ပုဂ္ဂိုလ်များရှိသော်လည်း ၎င်းတို့ကိုယ်တိုင် ရပ်တည်နိုင်ပြီးရပ်ရွာ၏ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများအနေဖြင့် မရှိပါကြောင်း တွေ့ရှိရသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်

အိမ်ထောင်စု(၁၀)စုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု(၆)စု ရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။

**ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | ငလျင် | | | | | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | ✓ | | | ✓ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | ✓ | | |
| ၂၄ | ကပ်ရောဂါ | ✓ | | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | ✓ | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းစသည် | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသား များ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများ နှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်၊အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်၊အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ခြင်းအပြင် လက်လုပ်လက်စား၊ ကျပန်းလုပ်ငန်းတွင်လည်း အနည်းငယ်လုပ်ကိုင်ခြင်းကြောင့် ထိခိုက်သက်ရောက်မှုမှာ အနည်းငယ်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**(င–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | | ✓ | ✓ | | |
| ၃ | ဆင်းရဲသားတောင်သူ | | | ✓ | ✓ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံ ရသူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | | ✓ | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာ၀ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည်မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် သဘာ၀ဘေးအန္တရာယ်ကျရောက်သည့်အခါ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်မိသားစု၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများနှင့် ကားမောင်းပြီးအသက်မွေးသူများမှာ အထိုက်အလျောက်ထိခိုက်သက်ရောက်မှုကို ခံစားရကြောင်း တွေ့ရှိရပြီး ဆုံးရှုံးမှုကြီးကြီးမားမား သက်ရောက်ထိခိုက်မှုမရှိကြောင်း သိရှိရပါသည်။

**(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က–၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့၀င်ဦးရေ | | | လုပ်ငန်းတာ၀န် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ခေတ်မီစံပြကျေးရွာကော်မတီ | ၁☐ ၂✓ ၃☐ | ၂၀ | ၁၅ | ၃၅ | ပညာရေး☐ငွေကြေး✓ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐ သင့်✓ ညံ့☐ |
| ၂ | သာရေး/နာရေးအဖွဲ့ | ၁☐ ၂✓ ၃☐ | ၉ | ၁၂ | ၂၁ | ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐ သင့်✓ ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာ<u>တစ်ခုကို</u><u>သာ</u>ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၃ | သန့်ရှင်းရေးအဖွဲ့ | ၁☐ ၂✓ ၃☐ | ၂၅ | ၃၀ | ၅၅ | ပညာရေး☐✓ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်✓<br>ညံ့☐ |
| ၄ | မီးလင်းရေးကော်မတီ | ၁☐ ၂✓ ၃☐ | ၁၀ | ၂ | ၁၂ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်✓<br>ညံ့☐ |
| ၅ | မြစိမ်းရောင်ကော်မတီ | ၁✓ ၂☐ ၃☐ | ၄ | ၃ | ၇ | ပညာရေး☐ငွေကြေး✓<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်✓<br>ညံ့☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ –ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လူထုအဖွဲ့အစည်းများသည် ဘာသာရေးကိုအခြေခံ၍ ညီညွတ်မှု၊ တိုးတက်မှုများ၊ အောင်မြင်မှုများ မြင်တွေ့နေရသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ဒွန်း | ၁☐၂☐၃☐၄☐၅☐၆☐၇✓ | ပညာရေး☐ငွေကြေး✓ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သ ာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | စတာပလာ | ၁☐၂☐၃☐၄☐၅☐၆☐၇✓ | ပညာရေး☐ငွေကြေး✓ကျန်းမာရေး ☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၃ | ဟာနာ | ၁□၂□၃□၄□၅□၆□၇✓ | ပညာရေး□ငွေကြေး✓ကျန်းမာရေး □ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၄ | သမဝါယမအသင်း | ၁□၂□၃□၄□၅□၆□၇✓ | ပညာရေး□ငွေကြေး✓ကျန်းမာရေး □ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၅ | | ၁□၂□၃□၄□၅□၆□၇✓ | ပညာရေး□ငွေကြေး□ကျန်းမာရေး □ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

**(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

**(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)**

**(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း**

**(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

**(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)**

**(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)**

**(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ**

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့ များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပြင်ပမှလာရောက်သည့် အဖွဲ့အစည်းအနေဖြင့် ဒွန်း၊ စတာပလာ၊ ဟာနာ၊သမဝါယမစသည့် ချေးငွေအဖွဲ့အစည်း (၄)ခုသာရှိပြီး အတိုးနှုန်း(၂)ကျပ် ကောက်ခံပြီး ချေးငွေကာလမှာ(၁၀)လ သတ်မှတ်ထားကြောင်း သိရှိရပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ–၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၉ | ၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၁၂၈ | ၁၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၈၃ | ၁၀ | တောင်သူငယ် |
